အိမ်တွင်းအကြမ်းဖက်ခံရသူများအတွက်
တရားမျှတမှု ပိုမိုလက်လှမ်းမှီရေး

# အမျိုးသမီးနှင့် တရားမျှတမှု

# ကျွန်မသေရင် ကျွန်မယောက်ျားကို ရဲတိုင်ပေးပါ။

actionaid

၂၀၁၉

# အနှစ်ချုပ်

မြို့ပြနှင့် ဆင်ခြေဖုံးရပ်ကွက်များတွင် နေထိုင်ကြသော ပျံ့ကျ၊ လက်လုပ်လက်စား အမျိုးသမီးများ အတွက် အကြမ်းဖက်မှုဆိုသည်မှာ ၎င်းတို့ အိမ်ထောင်ဖက်များ၏ လက်ခုပ်အတွင်း နေ့စဉ်ရင်ဆိုင်ကြုံ တွေ့နေရသည့် ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ အိမ်တွင်းအကြမ်းဖက်မှုကို တရားဝင်ဖြေရှင်းရန်နှင့် အပြီး သတ်ရန်ကြိုးစား နေကြသော အမျိုးသမီးများ မကြာခဏ ကြုံတွေ့နေရသည့် အခက်အခဲမှာ ဖြေရှင်းရန် ခက်ခဲခြင်းကြောင့် နောက်ဆုံးတွင် စိတ်ရှည်သည်းခံမှုမွေး၍ အနိုင်ကျင့်နှိပ်စက်တတ်သော အမျိုးသား အိမ်ထောင်ဖက်များနှင့် ပြန်လည် ပေါင်းခဲ့ရသည်။ ဥပဒေကြောင်းအရ တရားဝင်ကာကွယ်ပေးရန်ခက်ခဲသည့် အနေအထားသာမက ရပ်ရွာဓလေ့၊ လူမျိုးဘာသာဓလေ့များအရလည်း ကာကွယ် ပေးနိုင်ရန် လုံလောက်၊ ထိရောက်သော နည်းလမ်းများ မရှိခဲ့ပေ။ ၎င်းအပြင် အခြားသော နည်းလမ်းများဖြင့်လည်း အလုံးစုံထောက်ပံ့မှုများ ပါဝင်သော ယန္တရား စနစ်လည်း ရှိမနေခဲ့ပေ။

**ထိခိုက်နစ်နာသူအမျိုးသမီးများကို တရားဥပဒေအရ ကူညီပေးနိုင်ရန်နည်းလမ်း ရှာဖွေမှုတွင် အကူအညီများစွာ လိုအပ်လျက်ရှိသည်။ အကူအညီများ စွာဆိုရာတွင် ထိရောက်၍ ကူညီနိုင်မည့်နည်းလမ်း အားလုံးပါဝင်သောစနစ်ကို လက်လှမ်းမှီရေး၊ ၎င်းတို့၏ ပတ်ဝန်းကျင်တွင်ရှိသော တာဝန်ရှိပြည်သူ ရဲများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ရွာနေပြည်သူများ၏ သဘောထားအမြင်များ ပြောင်းလဲရန်လည်း အရေးကြီးလှသည်။**





## Action Aid နှင့် အိမ်တွင်းအကြမ်းဖက်မှု

Action Aid သည် ၂၀၁၃ ခုနှစ်မှစတင်၍ အိမ်တွင်းအကြမ်းဖက်ခံရသူ အမျိုးသမီးများကို ကူညီ ကာကွယ်နိုင်ရန်အတွက် ရပ်ရွာအခြေပြုဥပဒေဆိုင်ရာ အထောက်အကူပေးသူများ ပေါ်ထွန်းလာစေရန် ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် မန္တလေးတိုင်းတွင် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရန်ကုန်တိုင်းမှာ မြို့နယ်(၇)ခုမှ ဆင်ခြေဖုံးရှိ ပျံ့ကျလုပ်သားများပြားသည့် နေရာတွင် စတင်ဆောင်ရွက် ခဲ့သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ရန်ကုန်တိုင်းမှာ လှိုင်သာယာမြို့နယ်နှင့် မွန်ပြည်နယ်မှာ မြို့နယ် (၃) ခု၌ ရပ်ကွက်/ကျေးရွာအလိုက် ဥပဒေအထောက်အကူပြုသူများ ပိုမိုအသက်ဝင်နေပြီဖြစ်သည်။ ဥပဒေ အထောက်အကူပြုသူများသည် ၎င်းကျေးရွာမှ ပင်ဖြစ်ပြီး အမျိုးသမီးအခွင့်အရေးများ၊ ကျား-မ အခြေပြု အကြမ်းဖက်မှုများနှင့် အခြေခံဥပဒေရေးရာသင်တန်း သင်ကြားလေ့ကျင့်မှုများကို ရယူပြီးသောသူများ ဖြစ်သည်။ ၎င်းတို့၏ အဓိကတာဝန်သည် အမျိုးသမီးများအတွက် တရားဥပဒေ လက်လှမ်းမှီရန် သက် ဆိုင်ရာ ရပ်ရွာ/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရဲဌာနများ၊ ဥပဒေဆိုင်ရာအကူအညီပေးသော အဖွဲ့အစည်း များနှင့် ချိတ်ဆက်ပေးရန်ဖြစ်သည်။

**ဇွန် ၂၀၁၇ နှင့် ဂျူလိုင် ၂၀၁၈ ကြားတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ မြို့နယ်တစ်ခု တည်းမှ အိမ်တွင်းအကြမ်းဖက်မှု အမှုပေါင်း (၈၀)ခန့် Action Aid သို့ လက်ခံရရှိခဲ့သည်။ ထိုအမှု (၈၀) တွင် အမှု (၂)ခုသာ တရားရုံးသို့ ရောက်ခဲ့ပြီး နောက်ပိုင်းတွင် ယင်းအမှု (၂)မှုမှာလည်း ချိုးဖောက်ခံရသူ များကိုယ်တိုင်က ပြန်လည်ရုတ်သိမ်းသွားခဲ့သည်။**

Action Aid အနေဖြင့် အမျိုးသမီးများ၏ အိမ်တွင်းအကြမ်းဖက်မှုကိစ္စများတွင် တရားမျှတမှုကို လက်လှမ်းမှီခြင်းအနေအထားအား မှတ်တမ်းတင်ထားရန်၊ အဘယ်ကြောင့် အမှုအနည်းငယ်သာ တရားဥပဒေလမ်းကြောင်း (Formal System) ပေါ်သို့ ရောက်ရခြင်း၊ အမှုများကို တရားဝင်မဟုတ် သောနည်းလမ်း (Informal System) များနှင့် မည်ကဲ့သို့ ဖြေရှင်းနေသည်နှင့် မည်ကဲ့သို့ အဖြေများ ထွက်လာသည်ကို အသေးစိတ်လေ့လာရန် ဆုံးဖြတ်ခဲ့သည်။

# မှတ်တမ်းတင်ပြုစုခြင်း

မှတ်တမ်းတင်ပြုစုခြင်းကို ပျံကျလုပ်သားများ အများစုနေထိုင်ရာ လှိုင်သာယာ၊ သာကေတနှင့် ဒလမြို့ နယ်များနှင့် Action Aid ၏ လက်ရှိနှင့် အရင်က မှတ်တမ်းတင်ပြုစုခြင်းများ လုပ်ကိုင်ခဲ့သော နေရာတို့ တွင် အဓိကထားဆောင် ရွက်ခဲ့သည်။ ရန်ကုန်မြို့ရှိ ပျံကျအလုပ်သမားများ နေထိုင်ရာ ဆင်ခြေဖုံး ရပ်ကွက်များတွင် အိမ်တွင်းအကြမ်းဖက်မှုများနှင့် အိမ်ထောင်ဖက်များ၏ အကြမ်းဖက်မှုများသည် အမျိုး သမီးများ နေ့စဉ်ကြုံတွေ့နေရသော အဖြစ်မှန်တစ်ခုဖြစ်ပြီး အရက်သေစာမူးယစ်မှုကြောင့် ပြဿနာများ ပိုမိုကြီးထွားလာရသည်။ အခြား တစ်ဖက်တွင် ဆင်းရဲနွမ်းပါးမှု၊ ရာဇဝတ်မှုနှုန်းများ မြင့်မားမှုနှင့် လူဦးရေ သိပ်သည်းလာမှုတို့ကြောင့် လှိုင်သာယာမြို့နယ်နှင့် စက်မှုဇုန်ဒေသတွင် NGOsများ တည်ရှိမှု များပြား ပြီး အခမဲ့တရားဥပဒေဆိုင်ရာ ကူညီမှုများ၊ တရားဝင်ဥပဒေ လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရန် အခွင့် အရေးများ ရှိလာရာ အမျိုးသမီးအများစုမှာ ရွှေ့ပြောင်းနေထိုင်ကြသူများ ဖြစ်ကြပြီး ၎င်းတို့၏ မိသားစု အသိုင်းအဝိုင်းများ၏ အကူအညီများ၊ ၎င်းတို့ဒေသပတ်ဝန်းကျင်၏ ဓလေ့ထုံးစံအရ ဖြေရှင်းခြင်းနည်း လမ်းများနှင့် အခြားထိရောက်သော ဖြေရှင်းခြင်းနည်းလမ်းများကို လက်လှမ်းမှီမှု မရှိသော်လည်း ကျေးရွာဒေသများထက် ဥပဒေအထောက်အပံ့များကို ရရှိနေကြသည်။ ActionAid Myanmar အနေဖြင့် အထက်ဖော်ပြပါ မြို့နယ် (၃)ခုတွင် ဥပဒေဆိုင်ရာ





အထောက်အကူ ပေးသူ (၅၀)ခန့် ပါဝင်သော ဦးတည်အုပ်စုဆွေးနွေးပွဲ (၆)ခု ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲများပေါ် မူတည်၍ တရားမျှတလက်လှမ်းမှီမှုတွင် အခက်အခဲရှိနေသည့်အဖြစ်အများဆုံး ဥပမာ သာဓက (၃)ခု ကို ထုတ်နှုတ် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဥပဒေဆိုင်ရာအထောက်အကူပေးသူများ၊ နစ်နာသူများ၊ ရှေ့နေ များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံမေးမြန်းကာ မှတ်တမ်းတင် ထားခြင်းဖြစ်သည်။[၁]

[၁] ယခုစာစောင်သည် လေးလေးနက်နက် ထဲထဲဝင်ဝင်လေ့လာထားသော ဖြစ်ရပ်မှန်ကို အခြေပြု ရေးသားထားသောကြောင့် တွေ့ဆုံဆွေးနွေးသည့် ဦးရေ အနည်းငယ်သာ ပါဝင်သည်။

# သာဓက ၁

## ရန်ကုန်တိုင်းဒေသကြီး[၂]
## ဒေါ်စံပယ်

**နစ်နာသူသည် အကူအညီအထောက်အပံ့များ မရရှိသောကြောင့် ၎င်းအား နှိပ်စက်အနိုင်ကျင့်သော ခင်ပွန်းထံသို့ ပြန်သွားရန် ဖိအားပေးခြင်းခံခဲ့ရသည်။**



[၂] တွေ့ဆုံဖြေကြားပေးပါသောသူများ၏လုံခြုံရေးအရ ကာကွယ်ပေးနိုင်ရန် ၎င်းတို့၏အမည်အရင်းများကိုပြောင်းလဲထားပြီး မြို့နယ်များနှင့်အခြားနေရာများ၏အမည်များကို သာဓကများမှ ချန်လှပ်ထားသည်။



**အိမ်တွင်းအကြမ်းဖက်မှုကို မိသားစုနှင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက သာမန်ဖြစ်ရပ် တစ်ခုအဖြစ်သာ မြင်ကြသည်။**

အသက် (၄၈) နှစ် အရွယ်ရှိ ဒေါ်စံပယ်သည် သူမနှင့် ကလေးနှစ်ယောက်အတွက် ဘေးကင်းလုံခြုံသော ခိုလှုံမှုရှိသည့် နေရာတစ်ခုကို ကြိုးစားရှာဖွေနေသော်လည်း (၅) နှစ်ကျော်အချိန်ထိ အရက်မူးယစ် သောက်စားပြီး အကြမ်းဖက်သောအမျိုးသား လက်ထဲမှ မလွတ်မြောက်နိုင်သေးချေ။

ထိခိုက်ခံစားရသူအနေဖြင့် တရားမျှတမှု လက်လှမ်းမီရန် ကြိုးစားရှာဖွေသော်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများ၏ တုန့်ပြန်မှုနှေးကွေးခြင်း၊ အာရုံစိုက်လုပ်ဆောင်ပေးခြင်း မရှိသောကြောင့် ဒေါ်စံပယ်သည် တရားမျှတမှုလက်လှမ်းမီရန် လက်တွေ့၌ အတားအဆီးများစွာ ရင်ဆိုင်ကြုံတွေ့နေရသည်။

ခင်ပွန်း၏ အကြမ်းဖက်သော အပြုအမူများကို တိုင်ကြားရန် ကြိုးစားခဲ့သော်လည်း အရာမထင်ဘဲ အချည်းအနှီးသာဖြစ်ခဲ့သည်။ နှစ်ပေါင်းများစွာပင် သူမ၏ အဖြစ်အပျက်ကို အုပ်ချုပ်ရေးမှူးနှင့် ရဲအရာ ရှိများသို့ အကြိမ်ကြိမ်သတင်းပို့တိုင်ကြားခဲ့သော်လည်း အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ တိုင်ကြားမှုများ သည် မိသားစုပြဿနာဖြစ်သောကြောင့် မိသားစုအတွင်းသာ ဖြေရှင်းကြရန် သင့်လျော်သည်ဟု ယူဆ ခဲ့ကြသည်။

ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုဖြစ်ရပ်များတွင် သက်ဆိုင်ရာတာဝန်ရှိသူများမှ ကိုင်တွယ်ဖြေရှင်းသည့် ဘုံနည်းလမ်းတစ်ရပ်မှာ မူးယစ်ရမ်းကားသော အမျိုးသားများအား ၂၄ နာရီ ထိန်းချုပ်ထား ခြင်းဖြစ်သည်။





တာဝန်ရှိရဲအရာရှိမှ ဒေါ်စံပယ်၏ ခင်ပွန်းကို တစ်ကြိမ်ဖမ်းချုပ်ခဲ့ဖူးသည်။ သို့သော် အချုပ်ထဲတွင် ၂၄ နာရီ ထိန်းချုပ်ထားခြင်းသည် ခင်ပွန်း၏ အပြုအမူအား တစ်စုံတရာ ပြောင်းလဲစေခြင်း မရှိခဲ့ချေ။

**နှစ်နာသူနှင့် ၎င်း၏ ကလေးများသည် အိမ်တွင်းအကြမ်းဖက်မှုဖြစ်ရပ်၏ ရလဒ်ကြောင့် စိတ်ဖိစီးမှု၊ ကျန်းမာရေးမကောင်းခြင်းနှင့် ဆင်းရဲချို့တဲ့ခြင်းများနှင့် ရင်ဆိုင်ခံစားနေခဲ့ရသည်။**

ထိုအခြေအနေများကို သည်းမခံနိုင်တော့သည့်အဆုံး ဒေါ်စံပယ်သည် သူမ ခင်ပွန်းနှင့်အတူ ထူထောင် ခဲ့သည့် နေအိမ်မှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး လွန်ခဲ့သည့် (၅)နှစ်လောက်ကပင် မွေးရပ်ဇာတိရှိ သူမ၏ အစ်မအိမ်တွင် ခေတ္တခဏနားခိုရန် ပြန်လာခဲ့သည်။

သူမ၏ ၁၀ နှစ်အရွယ်သမီးကို ဆွေမျိုးများနှင့်အတူ ထားရစ်ခဲ့ပြီး အငယ်ဆုံးသားလေးကို သူမ ခင်ပွန်းမှ မစောင့်ရှောက်နိုင်သည်ကို သိသဖြင့် သူမနှင့်အတူခေါ်လာခဲ့သည်။ ဒေါ်စံပယ်သည် ရိုက်နှက်ခံရခြင်း ကြောင့် စိတ်ပိုင်းဆိုင်ရာဖိစီးမှုများ ခံစားနေရပြီး အခြားသွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများလည်း ခံစားနေ ရသည်။

သူမ၏ ကျန်းမာရေးအခြေအနေကြောင့် အတည်တကျအလုပ်လည်း မရှာနိုင်ပေ။ တစ်ခါတစ်ရံတွင် ဘေးပတ်ဝန်းကျင်က အိမ်များတွင် အဝတ်လျှော်ခြင်းနှင့် စီးကွင့်ထိုးခြင်းမှ ရသော ဝင်ငွေအနည်းငယ် ဖြင့် စားသောက်နေရသည်။ မကြာခဏဆိုသလို အစားအသောက်ဝယ်ခြမ်းရန် မတတ်နိုင်သောကြောင့် ရပ်ကွက်က အလှူအိမ်များမှာ သွားရောက်စားသောက်ခဲ့ရသည်။

ဒေါ်စံပယ်၏ အရွယ်ရောက်ပြီးသော သားသမီးများသည် ၎င်းတို့ဖခင်၏ အကြမ်းဖက်သော အပြုအမူ များကြောင့် ဖခင်ကို ပြန်သတ်ချင်သည်အထိ ဖြစ်နေကြသည်။ ဒေါ်စံပယ်သည် သူ့သားများက စိတ် လိုက်မာန်ပါလုပ်မည်ကို ထပ်ဆင့်စိုးရိမ်ပူပန်နေရသည်။ အိမ်ထောင်ကျပြီးသည့် အကြီးနှစ်ယောက်မှာ တစ်အိုးတစ်အိမ် ထူထောင်နေကြပြီးဖြစ်သော်လည်း ၎င်းတို့တွင်လည်း စီးပွားရေးအဆင်မပြေ ရုန်းကန် နေကြရသောကြောင့် ၎င်းတို့အမေနှင့် အငယ်မောင်နှမများကို ကူညီပေးနိုင်ခြင်း မရှိပါ။



အမျိုးသမီးနှင့်တရားမျှတမှု ၊ သာဓက ၁

**ခင်ပွန်းဖြစ်သူသည် သူမ စွန့်ခွာခဲ့သော်လည်း ခြိမ်းခြောက်မှုများ၊ နှိပ်စက်မှုများ ဆက်လက် ပြုလုပ်ခဲ့သည်။**

ဒေါ်စံပယ်သည် သူမ၏ အစ်မထံတွင် သွားရောက်နေထိုင်သော်လည်း မကြာခဏဆိုသလို ခင်ပွန်းမှ အိမ်နီးနားသို့ ရောက်လာပြီး ခြိမ်းခြောက်မှုနှင့် မတော်တရာပြုလုပ်မှုများ ရှိသောကြောင့် အစ်မဖြစ်သူ၏ မိသားစုနဲ့လည်း စကားများရန်ဖြစ်ကြသည်။ ဒေါ်စံပယ်ကို ပြန်လိုက်စေရန် ရည်ရွယ်ချက်ဖြင့် ကလေးအငယ်ဆုံးလေးကို အတင်းဆွဲခေါ်သွားခဲ့သည်။ ထိုအချိန်တွင် ဒေါ်စံပယ်၏ တူသည် မခံမရပ်နိုင်ဖြစ်ပြီး ရန်ပွဲတွင် ပါဝင်ပတ်သက်ခဲ့သောကြောင့် ရတ်ရတ်သဲသဲဖြစ်သွားခဲ့ရသည်။

**ဒေါ်စံပယ်သည် ရွေးချယ်စရာလမ်းမရှိသည့်အတွက် အကြမ်းဖက်သည့် ခင်ပွန်းထံသို့ ပြန်လည်နေထိုင် ခဲ့ရသည်။**

သူမ၏ အစ်မသည် သားဖြစ်သူက ရန်ပွဲတွင် ပါဝင်ခဲ့ပြီးနောက်ပိုင်း သူတို့မိသားစု၏ လုံခြုံမှုကို စိုးရိမ် သည့်အပြင် ဒေါ်စံပယ်၏ ခင်ပွန်း ရံဖန်ရံခါ မူးရူးရမ်းကားပြီး ခြိမ်းခြောက်နေသည်ကို သည်းမခံနိုင်တော့ သည့်အတွက် သူ့ညီမအား အိမ်ပေါ်မှ ဆင်းရန် တွန်းအားပေးလျှက်ရှိသည်။

ဒေါ်စံပယ်သည် ကိုယ်ပိုင်ဝင်ငွေမရှိခြင်း၊ မှီခိုနေထိုင်ရန်အတွက် နေရာမရှိခြင်း၊ တခြားဆွေမျိုးသားချင်း များ မရှိသောကြောင့် သူမတွင် ရွေးချယ်ရန်အတွက် အခွင့်အရေးမရှိသဖြင့် နောက်ဆုံးတွင် သူမခင်ပွန်း နေထိုင်သည့်အိမ်သို့ ပြန်သွားခဲ့ရသည်။

**ဒေါ်စံပယ်သည် အရင်းအမြစ်နှင့် ဥပဒေနှင့်သက်ဆိုင်သော ဗဟုသုတများ နည်းပါးသောကြောင့် အခု အချိန်ထိ ကွာရှင်းပြတ်စဲခြင်း လုပ်ဆောင်နိုင်စွမ်း မရှိချေ။**

ဒေါ်စံပယ်သည် ဥပဒေကြောင်းအရ တရားဝင်ကွာရှင်းပြတ်စဲနိုင်ပါက သူမ၏ ပိုင်ဆိုင်မှုတစ်ဝက်ကို ရရှိနိုင်မည်ဖြစ်သည်။ သို့သော် မည်ကဲ့သို့ လုပ်ဆောင်နိုင်ကြောင်း ဗဟုသုတနည်းပါးခြင်း၊ သူမ အစ်မဖြစ်သူနှင့် ယာယီနေထိုင်ချိန်တွင် ယင်းရပ်ကွက်မှ ဥပဒေဆိုင်ရာ အထောက်အကူ

ပေးသူတစ်ဦးနှင့်ဆွေး နွေးခွင့်ရခဲ့သော်လည်း ယင်းမြို့နယ်တွင်းရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးသော အဖွဲ့အစည်းများ နှင့် ချိတ်ဆက်မှု မရခဲ့ခြင်း၊ တစ်ဖက်သတ် ကွာရှင်းရာတွင် ရှေ့နေလိုအပ်ခြင်း၊ ငွေကြေးအခက်အခဲရှိ ခြင်း၊ တစ်ချိန်တည်းမှာပင် သူမကွာရှင်းပြတ်စဲရန်အခြေအနေပေးခဲ့လျှင်ပင် သူမခင်ပွန်းအား ဥပဒေအရ ထိထိရောက်ရောက် အပြစ်မပေးနိုင်ပါက သူမနှင့်ကလေးများ၏ လုံခြုံရေးကို အာမခံနိုင်မည် မဟုတ် ကြောင်းစိုးရိမ်ခြင်း စသည်တို့ကြောင့် ကွာရှင်းရန်အတွက် လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိပါ။

သူမသည် တရားဝင်ကွာရှင်းနိုင်ရန် လက်တွေ့နှင့် ငွေကြေးအထောက်အပံ့ နှစ်ခုစလုံး လိုအပ်နေသည်။ ထိုမှသာ သူမနှင့် ကလေးနှစ်ယောက်၏ ဆက်လက်ရပ်တည် နေထိုင်ရေးအတွက် ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်နှင့် စီးပွားပိုင်ဆိုင်မှုအချို့ကို တောင်းဆိုနိုင်မည် ဖြစ်သည်။



**အိမ်တွင်းအကြမ်းဖက်မှုကို ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စဟု ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ယူဆထားသော ကြောင့် အကူအညီများ ရယူနိုင်ရန် ခက်ခဲလျှက်ရှိသည်။**

၎င်းတို့ အိမ်ထောင်ကျသည်မှာ အနှစ် (၂၀)ကျော်ရှိခဲ့ဖြစ်ပြီး ကလေး ၄ ယောက် ထွန်းကားခဲ့သည်။ အိမ်ထောင်ကျပြီးနောက် နှစ်အနည်းငယ်ကြာတွင် ဒေါ်စံပယ်၏ ခင်ပွန်းသည် ရပ်ကွက်ထဲမှ အခြား အမျိုးသားများနှင့်အတူ အရက်သေစာသောက်စားခြင်း၊ စော်ကားခြင်း၊ အငယ်အနှောင်းထားသည်ဟု



စွပ်စွဲပြောဆိုခြင်း၊ ရိုက်နှက်ခြင်းတို့ဖြင့် သူမအား ပြုလုပ်လာခဲ့သည်။ သူမ၏ အမေအရင်း ကိုယ်တိုင် ကလည်း ဤကဲ့သို့ကိစ္စများသည် သည်းခံရမည်ဖြစ်ပြီး ခင်ပွန်းနှင့် ပြဿနာဖြစ်သည်ဆိုသည်မှာ အိမ် ထောင်သည်ဘဝတွင် ကြုံတွေ့ရသည့် ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်သည်ဟု အားပေးနှစ်သိမ့်ပေးခဲ့သည်။ ယနေ့အချိန်တွင် ဒေါ်စံပယ်သည် တခြားအမျိုးသမီးငယ်များနည်းတူ ပတ်ဝန်းကျင်တွင် မျက်နှာပျက် သိမ်ငယ်ရနိုင်မည့်အရှက်အကြောက်များ မထားဘဲ သူမကိုယ်တိုင် အကူအညီ ဖွင့်ဟတောင်းခံနေပြီ ဖြစ်သည်။ သို့သော်လည်း သူမ၏ အဖြစ်အပျက်သည် သာမန်ပင်ဖြစ်သည်ဟု သဘောထားကြသည့် အတွက် ၎င်းတို့၏ စိုးရိမ်ပူပန်မှုကို ဖော်ပြခြင်းမှလွဲ၍ အခြားထိရောက်သည့် ကူညီပံ့ပိုးမှုများရရှိရန် ခက်ခဲလျက်ရှိသည်။

# သာဓက ၂

## ရန်ကုန်တိုင်းဒေသကြီး
## ဒေါ်မီမီအောင်

**အမျိုးသမီးငယ်လေးသည် ငွေကြေးအရ မှီခိုနေရမှုနှင့် မျက်နှာပျက် အရှက်ရစရာများကို ကြောက်ရွံ့ နေရခြင်းများကြောင့် ၎င်းအား နှိပ်စက်နေသူကို အရေးယူမှု မပြုလုပ်နိုင်ခဲ့ပေ။**





### နှိပ်စက်အကြမ်းဖက်မှုများသည် လက်ထပ်ပြီးနောက်ပိုင်းတွင် စတင်ခဲ့သည်။

မီမီအောင် (၂၄ နှစ်)တွင် ၂ နှစ်ခွဲအရွယ် သမီးလေးတစ်ယောက်ရှိပြီးသူမ ခင်ပွန်းဖြစ်သူ ကိုပြည့် (၂၄ နှစ်)၏ နှိပ်စက်မှုကို ကိုယ်ရောစိတ်ပါ ခံစား နေရသူဖြစ်သည်။ ၂၄ နာရီ အချုပ်ဖြင့် ၂ ကြိမ်တိုင်တိုင် ထိန်းသိမ်းခံရသော်လည်း ကိုပြည့်၏ အပြုအမူများမှာ ယခင်အတိုင်းသာ ဖြစ်သည်။ သူမယောကျ်ား၏ လုပ်စာကို မှီခိုစားသောက်နေရသူဖြစ်သောကြောင့်၊ ၎င်းပတ်ဝန်းကျင်တွင် ထောင်ထွက်တစ်ယောက်၏ ဇနီးမယားအဖြစ် မျက်နှာငယ်ရမည် စိုးရိမ်သော ကြောင့်ပင် ရဲစခန်း၌ တရားဝင်တိုင်တန်းအမှုဖွင့်ရန် ဝန်လေးနေခဲ့သည်။ မင်္ဂလာဆောင်ပြီး သိပ်မကြာခင်မှာပင် လင်မယားချင်း ရန်ဖြစ်မှု စတင်ခဲ့ပြီး ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ ပို၍ ဆိုးရွားလာခဲ့သည်။

မီမီအောင်နှင့် သူမအမျိုးသားတို့သည် ရန်ကုန်မြို့ သိမ်ကြီးဈေးတွင် အလုပ်လုပ်ရင်း တွေ့ဆုံခဲ့ပြီး လက် ထပ်ခဲ့ကြခြင်းဖြစ်သည်။ ထို့နောက် ဒလမြို့သို့ ပြောင်းရွှေ့ခဲ့ပြီး တစ်လ နှစ်သောင်းကျပ်နှင့် အိမ်ငှားနေခဲ့ ကြသည်။ နောက်ပိုင်းတွင် တစ်လ နှစ်သောင်းကျပ်ကို မတတ်နိုင်တော့သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထံမှ ခွင့်ပြုချက်ရယူပြီး တခြား ကျူးကျော်များ နေသောနေရာထဲသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ မီမီ အောင်သည် ကလေးမွေးပြီးနောက်ပိုင်းတွင် အိမ်အလုပ်များဖြစ်သော ကလေးထိန်း၊ အဝတ်လျှော်၊ ချက်ပြုတ်ရေးများဖြင့် လုံးခြာလည်လိုက်နေပြီး ပြင်ပအလုပ်လုပ်ကိုင်ခြင်းမရှိတော့ပါ။ သူမ၏ ခင်ပွန်းကသာ မိသားစုအခြေခံစားဝတ်နေရေးအတွက် တစ်နေ့လျှင် သုံးထောင်ကျပ် ပေးလေ့ရှိတယ်။

### အရက်သေစာသောက်စားခြင်းနှင့် လောင်းကစားရှုံးခြင်းတို့က ကိုယ်ထိလက်ရောက် ရိုက်နှက်မှု၏ အဓိကအကြောင်းရင်းဖြစ်သည်။

ဘောလုံးပွဲရှုံးလာသည့်နေ့များတွင် ရိုက်နှက်ခံရမှု ပိုများသည်။ ကိုပြည့်သည် တခြားသူငယ်ချင်းများနှင့် အလုပ်မှအပြန် အရက်ဆိုင်ဝင်၍ အရက်သောက်၊ ဘောလုံးပွဲလောင်းခြင်းများ ပြုလုပ်ပြီး အိမ်ပြန်နောက်ကျလေ့ရှိသည်။ အိမ်ပြန်ရောက်လျှင် ဆဲဆို၊ ရိုက်နှက်ခြင်းများ ပြုလုပ်သည်။ ထိုသို့ပြုလုပ်ခြင်းကို

မခံစားနိုင်တော့သဖြင့် ပြန်လည်တုန့်ပြန်ခြင်း၊ သမီးငယ်ကို မထိအောင် ရင်ခွင်ထဲ ပိုက်ထားသည့် အခါမျိုးတွင် သမီးငယ်မှ အော်ဟစ်ငိုယိုသည်အထိ ပြင်းပြင်းထန်ထန် သောင်းကျန်းလေ့ရှိသည်။ ရန်ဖြစ် ချိန်မှာ အိမ်နီးချင်း ဦးလေးတစ်ဦးက လာရောက်ဖြန်ဖြေရာ ထိုဦးလေးကို ရိုက်မိသွားသဖြင့် နောက်ပိုင်းတွင် အိမ်နီးချင်းများမှ ဝင်ရောက်ဖြန်ဖြေခြင်း မပြုတော့ပေ။



**အချုပ်ခန်းမှာ ၂၄ နာရီ ထိန်းချုပ်မှုသည်လည်း လင်မယားရန်ဖြစ်ခြင်းကို ဟန့်တားနိုင်ခြင်း မရှိပေ။**

သောက်စားမူးယစ်ပြီး ရိုက်နက်ခြင်းသည် မီမီအောင်တို့ ရပ်ကွက်ထဲတွင် ဖြစ်နေကျ သာမန်ကိစ္စဖြစ်ခြင်း ကြောင့် မီမီအောင်သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ အကူအညီရရန် မမျှော်လင့်ခဲ့ပေ။ ကံကောင်းစွာဖြင့် မီမီအောင်နှင့် ငယ်စဉ်ကတည်းက သိကျွမ်းခဲ့သော အစ်မကဲ့သို့ ရင်းနှီးရသူတစ်ဦး၏ အကူအညီဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ တိုင်ကြားခဲ့သည်။ ထိုအစ်မသည် Action Aid Myanmar စီမံကိန်း၏ ဥပဒေ ဆိုင်ရာ အထောက်အကူပေးသူတစ်ဦးဖြစ်သဖြင့် ရပ်ကွက်ထဲရှိ မီမီအောင်ကဲ့သို့ အမျိုးသမီးများကို တက်တက်ကြွကြွ ကူညီနေသူဖြစ်သည်။ အုပ်ချုပ်ရေးမှူးများ လင်မယားကိစ္စ/ အိမ်တွင်းအကြမ်းဖက်မှု များတွင် ကြားဝင်နှစ်သိမ့်ညှိနှိုင်းခြင်းထက် ရဲစခန်းသို့ ကူညီတိုင်ကြားပေးရန်

အမျိုးသမီးနှင့်တရားမျှတမှု ၊ သာဓက ၂

အစဉ်အကြံပြုလျက်ရှိသူ လည်းဖြစ်သည်။ ထိုအစ်မတွင် ဆက်သွယ်ရန် ဖုန်းနံပါတ်များလည်းရှိသဖြင့် ရဲစခန်းသို့ တိုက်ရိုက်ဖုန်း ဆက်၍ အကူအညီတောင်းခဲ့သည်။ ရဲများမှ ကိုပြည့်ကို လာရောက်ဖမ်းဆီးခဲ့ပြီး ရဲစခန်းအချုပ်ခန်းထဲ တွင် ၂၄ နာရီ ထိန်းသိမ်းခဲ့သည်။ ထိုသို့ ထိန်းသိမ်းခဲ့ပြီး ပြန်လွတ်လာသော်လည်း သူ့၏ အကျင့်စရိုက် မှာ ပြောင်းလဲခြင်းမရှိဘဲ ယခင်ကဲ့သို့ပင် ဆိုးသွမ်းသောင်းကျန်းလျက်ရှိသည်။ ထို့ကြောင့် နောက် တစ်ကြိမ် ရဲစခန်းသို့ အကြောင်းကြားပြီးနောက် အင်းစိန်ထောင်တွင် တစ်ညအိပ်ခဲ့ရသည်။ ၎င်းမှ ပြန်လွတ်လာသည့်နောက်တွင် သူမကို ရိုက်နက်မှုများ လျော့ကျသွားခဲ့သော်လည်း အိုးခွက်၊ ပန်းကန်၊ ရေတိုင်ကီများကို ဖျက်ဆီးခဲ့သည်။ ထိုသို့ ပြောင်းလဲခြင်းမှာ တခဏသာဖြစ်ပြီး သိပ်မကြာခင်ပင် နဂို အတိုင်း ဆိုးမြဲဖြစ်သည်။

**ရပ်ကွက်ထဲတွင် အရက်သေစာသောက်စားခြင်းနဲ့ပတ်သက်ပြီး ကာကွယ်တားဆီးရန် စီမံချက်များ မရှိ သလို အမျိုးသားများ အရက်သေစာသောက်စားခြင်းကြောင့် ဖြစ်ပေါ်လာသည့် အိမ်တွင်းအကြမ်းဖက် မှုပြဿနာများကိုလည်း အရေးတယူ ထိရောက်စွာ ဖြေရှင်းပေးသည့် ပုံစံများ မရှိခြင်းကြောင့် မီမီအောင် အတွက် တရားမျှတမှုလက်လှမ်းမီရေးမှာ ရပ်ကွက်အတွင်းရှိသော ဥပဒေဆိုင်ရာ အထောက်အကူပေး သူသာ ဖြစ်သည်။**

မည်သို့ပင်ဆိုစေ မီမီအောင်အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးသူများ၏ အကူအညီပေးမှုများကို အထူးပင် ကျေးဇူးတင်နေရသည်။ သောက်စားမူးယစ်ပြီးနောက် ဖြစ်ပေါ်သော လင်မယားချင်း ရန်ဖြစ်အနိုင်ကျင့်မှုအတွက် ကာကွယ်တားဆီးရန်သော် လည်းကောင်း၊ ဥပဒေအရ အရေးယူဆောင် ရွက်ရန်သော်လည်းကောင်း၊ အိမ်တွင်းအကြမ်းဖက်မှုကို ကြုံတွေ့ခံစားရသူ အိမ်ထောင်စုဝင်တို့အား နှစ်သိမ့်ဆွေးနွေးမှု ပေးရန်သော်လည်းကောင်း၊ ပြန်လည်ထူထောင်ရန်သော် လည်းကောင်း၊ လိုအပ် သည့် လူမှုရေးဝန်ဆောင်မှုများ လစ်ဟာနေခြင်းသည် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

**မီမီအောင်၏ ခံစားချက်မှာ သူမသည် ငွေရေးကြေးရေးအရ သူမ၏ ခင်ပွန်းအပေါ် မှီခိုရမှုကြောင့် သူမအား ပို၍ အနိုင်ကျင့်သည်ဟု ခံစားနေရသည်။**

မီမီအောင်သည် သူမကိုယ်တိုင်နှင့် သမီးဖြစ်သူ၏ နောင်ရေးအတွက် စိတ်ပူ ပန်လျက်ရှိသည်။ ဥပဒေဆိုင်ရာအထောက်အကူပေးသူအစ်မမှ သူမ၏ ခင်ပွန်းအား

အမှုဖွင့်အရေးယူပြီး ထောင်ရက်ရှည်ကျသည်အထိ အရေးယူနိုင်ကြောင်း အကြံပေးခဲ့သော်လည်း သူမမှာ ထို့သို့ ပြုလုပ်ရန် တွန့်ဆုတ်နေခဲ့သည်။ အမျိုးသား ထောင်ကျခဲ့လျှင် သူမနှင့် ကလေး စားဝတ်နေရေးအတွက် ကိုယ်တိုင်ရှာဖွေရမည်ဖြစ်ပြီး ၂ နှစ်ခွဲအရွယ် သမီးငယ်ကို မည်သူနှင့်ထားခဲ့ရ မည်ကို မသိ၍ဖြစ်သည်။

မီမီအောင်သည် ၁၀ တန်းအထိ ပညာသင်ယူခဲ့သော်လည်း မိဘများ ကွယ်လွန်သဖြင့် ၁၀ တန်းမ အောင်ဘဲ သိမ်ကြီးဈေးတွင် အလုပ်ဝင်လုပ်ခဲ့ရသည်။ သူမ၏ အခြားမောင်နှမ ၂ ဦးမှာ ရန်ကုန်မြို့ရှိ အခြားမြို့နယ်များတွင် နေထိုင်လျက်ရှိသည်။ မောင်နှမများမှာလည်း အိမ်ထောင်အသီးသီးကျပြီး ကလေးများနှင့် ရုန်းကန်နေရသည်ဖြစ်၍ သူမအား အကူအညီများ မပေးနိုင်ခဲ့ပေ။ မီမီအောင်၏ မျှော်လင့်ချက်မှာ သူမ၏ သမီး အရွယ်ရောက်လာသည့် အချိန်တွင် ကလေးကို စိတ်ချရသူတစ်ဦးထံသို့ အပ်ထားခဲ့ပြီး သူမ အလုပ်ထွက်လုပ်ရန်ဖြစ်သည်။ အကယ်၍ သူမကိုယ်ပိုင် ဝင်ငွေရှိလျှင် မိမိကိုယ် ကိုယ် မိမိရပ်တည်နိုင်မည်ဖြစ်သောကြောင့်

အမျိုးသမီးနှင့်တရားမျှတမှု ၊ သာဓက ၂

သူမခင်ပွန်း၏ အနိုင်ကျင့်ဆဲဆိုရိုက်နက်မှုများမှာလည်း လျော့ကျသွားနိုင်မည်ဟု မျှော်လင့်သည်။ ထိုအတွေးများသည် ဥပဒေဆိုင်ရာ အထောက်အကူပေးသူ အစ်မ၏ ကိုယ်ပိုင်အတွေ့အကြုံမှ ရရှိသောသင်ခန်းစာများလည်းဖြစ်သည်။ မီမီအောင်သည် သုံးလ တစ်ခါ ကိုယ်ဝန်တားဆေးထိုးရန်အတွက် တနေ့လျှင် ပိုက်ဆံ ၅၀ ကျပ်မှ ၁၀၀ ကျပ်ထိ စုဆောင်းလေ့ရှိ သည်။ သူမအနေဖြင့် နောက်ထပ်ကလေး မယူချင်တော့သည့်အကြောင်းအရင်းမှာ ယောကျ်ားအပေါ် မှီခိုရမှုနှင့် အနိုင်ကျင့်မှုများအပေါ် ထပ်မံမနစ်မျောလို၍ ဖြစ်သည်။ သူမ စိတ်ပူသည့် နောက်ထပ် အကြောင်းအရင်းတစ်ခုမှာ သူမရဲ့သမီးမျက်နှာငယ်မည်ကို စိုးရိမ်ခြင်းဖြစ်သည်။

**အကယ်၍ သူမအနေဖြင့် သူမရဲ့ယောကျ်ား ကိုပြည့်အား တရားဝင်တရားစွဲ၍ ထောင်ကျမည်ဆိုပါက သူမ၏ သမီးသည် ပတ်ဝန်းကျင်တွင် မျက်နှာငယ်မည်ကိုလည်း စိုးရိမ်ရသည်။**

သူမ၏ ဆန္ဒမှာ ခင်ပွန်းကို ထောင်ကျစေခြင်းမဟုတ်ဘဲ ခင်ပွန်း၏ အပြုအမူများမှာ အကောင်းဘက်သို့ ဦးတည်ပြီး သမီးလေးကိုလည်း ဖခင်နှင့်အတူ ကြီးပြင်းစေချင်သည်။ အကယ်၍ သူမခင်ပွန်း၏ အပြုအမူ များ မပြောင်းလဲပါက သမီးလေးကြီးလာသည်နှင့် လုပ်ငန်းခွင်သို့ ပြန်ဝင်ပြီး ခင်ပွန်းကို ထားခဲ့ရန်သာ စဉ်းစားနေတော့၏။





# သာဓက ၄

## ရန်ကုန်တိုင်းဒေသကြီး

## မဥမ္မာ

**အိမ်တွင်းအကြမ်းဖက်မှုခံရသော အမျိုးသမီးသည် သူမခင်ပွန်း၏ ဆိုးဝါးစွာ ရန်ပြုခြင်းမှ မိမိကိုယ်ကို ကာကွယ်ရာတွင် သူမခင်ပွန်း၏ မိသားစုမှ တရားစွဲဆိုခဲ့သောကြောင့် အမှုရင်ဆိုင်ရန် ဥပဒေဆိုင်ရာ အကူအညီမှုများ တောင်းယူခဲ့သည်။ တရားရုံးတွင် အပြန်အလှန် တရားစွဲဆို ရင်ဆိုင်ခဲ့ကြသော်လည်း နောက်ဆုံးတွင် နှစ်ဘက်စလုံးမှ အမှုရုပ်သိမ်းခြင်းဖြင့် ရပ်တန့်ခဲ့ပြီး သူမခင်ပွန်းထံသို့ ပြန်သွားခဲ့သည်။**





၂၀၁၇ ဇွန် မှ ၂၀၁၈ ဇူလိုင်အတွင်း Action Aid Myanmar မှ ကြားသိခဲ့ရသော လှိုင်သာယာမြို့နယ်မှ အိမ်တွင်းအကြမ်းဖက်မှုပေါင်း (၈၀)ကျော်ရှိသောအမှုများထဲမှ ထိုအမှုမှာ တရားရုံးသို့ ရောက်ရှိခဲ့သော အမှုနှစ်ခုမှ တစ်ခုဖြစ်သည်။ အသက် (၃၀)အရွယ်ရှိ မဥမ္မာသည် သူမ ခင်ပွန်းဖြစ်သည့် ကိုအောင် အသက် (၃၁)နှစ်၏ အကြမ်းဖက်ခြင်းကို ကာကွယ်တုန့်ပြန်ရာတွင် ခင်ပွန်း၏ မိသားစုများမှ တရားစွဲခဲ့သည့်အတွက် Action Aid Myanmar မှ ကူညီထောက်ပံ့သော ရှေ့နေ၏ ထောက်ခံမှုဖြင့် ဥပဒေဆိုင်ရာ ကူညီပံ့ပိုးမှုကို ရယူကာ ပြန်လည်တရားရင်ဆိုင်နိုင်ခဲ့သည် တရားရုံးသို့ ရောက်ရှိခဲ့သောအမှုများထဲမှ တစ်ခုဖြစ်သည်။[၇]

**ကိုအောင်သည် ဇနီးဖြစ်သူ မဥမ္မာနှင့် ကလေးများကို ထောက်ပံ့ခြင်းမရှိပါ။ လင်မယား ရန်ဖြစ်သည့်အခါ မကြာခဏဆိုသလို ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပါဝင်လေ့ရှိသည့်အပြင် ဆွေမျိုးသားချင်းများ ပါဝင်ပတ်သက်ရလေ့ရှိသည်။**

လွန်ခဲ့သော ငါးနှစ်ခန့်က မဥမ္မာသည် ထိုင်းနိုင်ငံရှိ စားသောက်ဆိုင်တစ်ခုတွင် အလုပ်လုပ်ကိုင်ရင်း ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်နေသော ကိုအောင်နှင့် တွေ့ဆုံပြီး လက်ထပ်ခဲ့ကြသည်။ ထိုင်း နိုင်ငံတွင်ပင် ကလေးနှစ်ဦးစလုံးကို မွေးဖွားခဲ့ပြီး တစ်ဦးမှာ လေးနှစ်အရွယ်နှင့် နောက်တစ်ဦးမှာ နှစ်နှစ် အရွယ်ရှိပြီဖြစ်သည်။ တစ်နေ့တွင် ကိုအောင်မှ ပြဿနာတစ်ခုဖြစ်လာရာမှစ၍ လင်မယားချင်း စကားများ ရန်ဖြစ်ပြီး ကိုအောင်မှ ကလေးအကြီးကို ခေါ်ကာ ရန်ကုန်သို့ ပြန်လာခဲ့သည်။ မဥမ္မာသည်လည်း ကလေးအငယ်နှင့် မိမိဇာတိမြို့ဖြစ်သော မြိတ်သို့ ပြန်သွားပြီး သူမ၏ မိခင်နှင့် (၅)လခန့် နေထိုင်ခဲ့သည်။ ထိုစဉ်တွင် ယောကျ်ားနှင့် အဆက်အသွယ်မရခဲ့၊ လိပ်စာမသိသော်လည်း သူမသည် ယောကျ်ား နှင့်ကလေးကို ရှာဖွေရန် ဆုံးဖြတ်ကာ ရန်ကုန်သို့ ရောက်လာခဲ့သည်။

လှိုင်သာယာမြို့နယ်တွင် မိသားစုဝင်များနှင့်အတူ နေထိုင်နေသော ခင်ပွန်းကို ရှာဖွေတွေ့ရှိခဲ့ပြီးသူမလည်း အစပိုင်းတွင် ထိုမိသားစုဝင်များနှင့်အတူ နေထိုင်ခဲ့သည်။ သို့သော်လည်း အကြာကြီးမနေခဲ့ပါ။ နှစ်ပတ်လောက်အကြာတွင် သူမသည်

[၇] ဤကိစ္စဖြစ်ပွားခဲ့သော မြို့နယ်သည် ဥပဒေဆိုင်ရာအထောက်အပံ့များ ပေးသည့်အဖွဲ့အစည်း Legal Aid Organization များ အာရုံစိုက်မှု အများဆုံးမြို့နယ်ဖြစ်ပြီး နစ်နာသူများအနေနှင့် ရှေ့နေများကို လွယ်ကူစွာ လက်လှမ်းမှီနိုင်ကြောင်းကို ရှင်းပြဆွေးနွေးပေး နိုင်သော Action Aid Myanmar ၏ ဥပဒေဆိုင်ရာအထောက်အကူပြုကွန်ရက် Paralegal Network လည်း ရှိသည်။

ကလေးနှစ်ယောက်ကို ခေါ်၍ အိမ်ချင်းကပ်ရပ်မှ အခန်းကို တစ်လလျှင် ၃၅,၀၀၀ မှ ၄၅,၀၀၀ ကျပ်အထိပေးကာ စတင်ငှားရမ်းနေထိုင်ခဲ့သည်။ အိမ်ငှားခပေးရန် အတွက် သူမသည် ရပ်ကွက်ထဲ၌ ဈေးရောင်းရင်း အိမ်နီးနားချင်းများ၏ အဝတ်လျှော်ပေးကာ ရုန်းကန် လှုပ်ရှားခဲ့သော်လည်း လအနည်းငယ်အတွင်း လေးကြိမ်တိုင်အောင် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ သူမ သူငယ်ချင်း၏ အကြံပေးချက်အရ ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တွင် အအေးဗူးများ ရောင်းရာ တစ်ပတ် လျှင် (၁၅,၀၀၀)ကျပ် ရှာဖွေနိုင်ခဲ့သော်လည်း သူမ အလုပ်သွားချိန်တွင် ကလေးများ ထိန်းထားပေးသောအိမ်နီးချင်းကိုလည်း တစ်ရက်ကို ၂၀၀၀ ကျပ်ပေးရသေးသည်။ တစ်ခါတရံတွင် ခင်ပွန်းဖြစ်သူ ကိုအောင်သည် သူမထံ၌ လာနေလိုက်၊ ပြန်သွားလိုက် ရှိတတ်သော်လည်း များသောအားဖြင့် သူ့မိဘများထံသာ အနေများပြီး အိမ်ငှားရမ်းခများ ပေးကူခြင်းမရှိသည့်အပြင် ကလေးများကိုလည်း ထောက်ပံ့ခြင်းမရှိပေ။

**သူတို့နှစ်ဦးအကြား ခိုက်ရန်ဖြစ်ပွားခြင်းသည် ခင်ပွန်း၏ မိသားစုများကြောင့်ပို၍ ဆိုးရွားစေခဲ့သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ တရားဝင်ကွာရှင်းပြတ်စဲခြင်းကို ကြားဝင်ဖျန်ဖြေညှိနှိုင်းပေးရန် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း မဥမ္မာမှ ငြင်းဆိုခဲ့သည်။**



ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ကိုအောင်ကို တစ်လလျှင် (၃၀,၀၀၀)ကျပ်မှ (၅၀,၀၀၀) ကျပ် ထောက်ပံ့ရန် အကြံပြုခဲ့သော်လည်း ၎င်းအမျိုးသားမှ ငြင်းဆန်ခဲ့သည်။





မဥမ္မာမှ ကလေးများ ထောက်ပံ့ကြေးနှင့် လျော်ကြေးအဖြစ် (၅၀၀,၀၀၀) ကျပ် တောင်းဆိုခဲ့သော်လည်း ကိုအောင်မှာ အုတ်လုပ်ငန်း၌ နေ့စားလုပ်သားသာဖြစ်သည့်အပြင် သူ၏မိသားစုများမှာ ဆင်းရဲသည့်အတွက် ဤမျှသောငွေပမာဏကို မတတ် နိုင်ဟုဆိုသည်။ သူမ မြိတ်သို့ ပြန်မည်ဆိုပါက ငွေကျပ် (၁၀၀,၀၀၀)ပေးမည်ဟု ခင်ပွန်းသည်၏ မိသား စုများမှ ကမ်းလှမ်းခဲ့သည်။ ဤကမ်းလှမ်းချက်ကို လက်ခံကာ ကလေးနှစ်ယောက်ကို ခေါ်၍ သူမ မြိတ် သို့ ပြန်သွားပြီး သိပ်မကြာခင်မှာပင် ရန်ကုန်သို့ ပြန်ခေါ်လာခဲ့သည်။

ပြဿနာဖြစ်ရခြင်း၏ အခြားအကြောင်းရင်းတစ်ရပ်မှာ မဥမ္မာသည် အစ္စလာမ်ဘာသာဝင်ဖြစ်သည်ကို ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့် ကိုအောင်၏ မိသားစုများမှ လက်မခံပေးနိုင်ခြင်းကြောင့်ဖြစ်သည်ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ယုံကြည်သည်။ ၎င်းတို့၏ အမြင်၌ သူမသည် ၎င်းတို့၏ ယဉ်ကျေးမှုကို လေးစားခြင်းမရှိ၊ ရိုင်းစိုင်းသည်ဟု ထင်မြင်ကြသည်။ ထိုအမှုသည် တရားရုံးသို့ ရောက်ရှိရန် ပို၍ ဦးတည်စေသည်မှာ မဥမ္မာမှ ထိုပြဿနာမတိုင်မီ သူမ ခင်ပွန်းနှင့် မိသားစုဝင်များအပေါ် မကြာခဏ ပြန်ခံပြောခြင်းသည် ၎င်းတို့ကို အနှောင့်အယှက်ဖြစ်စေသည့်အတွက်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးမှ ထင်မြင်ယူဆသည်။

**ကိုအောင်အပါအဝင် သူ့အစ်မနှင့်အဖေတို့သည် မဥမ္မာကို အုတ်ခဲဖြင့် တိုက်ခိုက်ရန်ပြုခဲ့သည်။**

၂၀၁၇ နှစ်ကုန်ပိုင်းတွင် မဥမ္မာသည် ကလေးများနှင့်အတူ ၎င်းတို့၏ အိမ်ရှေ့သို့ ဖြတ်သွားရင်း ကိုအောင်မှ ၎င်းတို့ကို ထောက်ပံ့ခြင်းမရှိကြောင်းကို ကျယ်လောင်စွာ အော်ဟစ်ပြောဆိုခဲ့သည်။ တုန့်ပြန်မှုအနေဖြင့် သူမ၏ ခင်ပွန်းအပါအဝင် သူ့အစ်မ (၂)ဦးနှင့် အဖေတို့သည် သူမကို ရန်ပြုခြင်း၊ အုတ်ခဲဖြင့် တိုက်ခိုက် ခြင်း၊ ဓါးဖြင့် ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့သည်။ မဥမ္မာသည်လည်း ပြန်လည်ခုခံတိုက်ခိုက်ခဲ့သည်။ နောက်ဆုံးမှာတော့ မဥမ္မာ သတိလစ်သွားခဲ့ပြီး မည်သူတစ်ဦးတစ်ယောက်ကမှ သူမကို ဆေးရုံသို့ ခေါ် သွားခြင်းမျိုး မရှိခဲ့ပါ။

**သူမမှ တရားစွဲဆိုရန် ကြိုးစားခဲ့သော်လည်း တာဝန်ရှိရဲမှ အမှုမဖွင့်ရန် အကြံပေးခဲ့သည်။**

မဥမ္မာ သတိပြန်ရသည့်အခါ သူမ၏ ဒဏ်ရာများကို မြင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးဆီသို့ အရင်သွားခဲ့ပြီး ထိုမှတဆင့် ရဲစခန်းသို့ တိုက်ရိုက်သွားရန် ညွှန်ကြားပေးခဲ့သည်။ သူမတစ်ဦးတည်း ဒေသခံရဲစခန်းသို့ သွားခဲ့ရာ ရဲဌာနမှ ဆေးရုံသို့သွားကာ ဆေးစစ်ချက်ယူရန်ပြောခဲ့သည်။ သူမ ဆေးစစ်ချက်ယူပြီး ရဲစခန်းသို့ ပြန်သွားသည့်အချိန်သည် အတော်လေး မိုးချုပ်နေခဲ့ပြီး ဖြစ်သည်။ ရဲအရာရှိ၏ လုပ်ငန်းစဉ် ရှင်းလင်းပြောကြားချက်များအနက် - "တကယ်လို့ အမှုကြားနာဖို့ မင်းတရားရုံးကို သွားရင် ဒီကလေး နှစ်ဦးနဲ့ မင်းအတွက် တော်တော်လေးကို စိတ်ဖိစီးစေလိမ့်မယ်။ မင်း တရားစွဲရင်လည်း ထူးထူးခြားခြား ဘာမှ ပြောင်းလဲသွားမှာ မဟုတ်ဘူး" ဆိုသည့်အချက်များက သူမ၏ အမှုဖွင့်တိုင်ကြားရန် ရည်ရွယ် ချက်ကို ပျက်ပြားစေခဲ့သည်။

**သို့သော် သူမခင်ပွန်း၏ မိသားစုများမှ သူမကို တရားစွဲဆိုလိုက်ပြီး တစ်ပါတ်အကြာတွင် သူမဆီသို့ တရားရုံးမှ ဆင့်ခေါ်စာရောက်လာခဲ့သည်။**

သူမ စာကိုင်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးဆီ သွားခဲ့ရာ ရဲမှူးတစ်ယောက်က ခင်ပွန်းဖြစ်သူနှင့် ၎င်း၏ အဖေနှင့်အစ်မများသည် သူမမှ ၎င်းတို့ကို တိုက်ခိုက်သည်ဟု တိုင်တန်းသည့်အတွက် ရဲမှ သူမကို - ရာဇသတ်ကြီး ဥပဒေပုဒ်မ (၂၉၄) "ညစ်ညမ်းသော ပြုလုပ်မှုများနှင့် ညစ်ညမ်းသော သီချင်းများ[၄]"၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ (၅၀၆) "ရာဇဝတ်မှုမကင်းသော ခြောက်လှန့်မှုပြစ်ဒဏ်[၅]"၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ (၄၄၇) "ရာဇဝတ်မကင်းသော ကျော်နင်းမှုအတွက် ပြစ်ဒဏ်[၆]" တို့ဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့ ကြောင်းနှင့် ခိုက်ရန်ဖြစ်မှုနဲ့ပတ်သက်ပြီး မေးခွန်းများ မေးခဲ့သည်။ သူမကို မည်သူတို့က မည်သို့ပုံစံမျိုး ဝိုင်းတိုက်ခိုက်သည့်အတွက် သူမအနေဖြင့် ကိုယ့်ကိုယ်ကို ခုခံခြင်းမျှသာဖြစ်ကြောင်း ရှင်းပြခဲ့သည်။



[၄] မြန်မာနိုင်ငံ ရာဇသတ်ကြီး
[၅] မြန်မာနိုင်ငံ ရာဇသတ်ကြီး
[၆] မြန်မာနိုင်ငံ ရာဇသတ်ကြီး
[၇] မြန်မာနိုင်ငံ ရာဇသတ်ကြီး



**တရားရုံးတွင် မဥမ္မာသည် အမျိုးသမီးနှစ်ဦးနှင့်တွေ့ဆုံခဲ့ပြီး ထိုအမျိုးသမီးများကို အကူအညီတောင်းရာ လိုင်သာယာတွင် ဥပဒေဆိုင်ရာအထောက်အကူပေးသောအဖွဲ့ အစည်း၏ ဖုန်းနံပါတ်ပေးခဲ့သည်။**

ထိုအဖွဲ့အစည်း၏ အမျိုးသမီးတစ်ဦးမှ သူမကို အခြားအဖွဲ့အစည်းများသို့ အမှုလွှဲပေးကာ နောက်ဆုံး Acton Aid Myanmar သို့ ရောက်လာခဲ့သည်။ Action Aid Myanmar မှ သူမကို ရှေ့နေတစ်ဦးနှင့်အတူ တရားရုံးသို့ တရားကြားနာရန် သွားလာစရိတ်များကို ထောက်ပံ့မှုပေးခဲ့သည့်အပြင် အမှုဖြစ်စဉ်အရ မဥမ္မာဘက်မှလည်း ဥပဒေအရ တိုင်ကြားအရေးယူနိုင်ကြောင်း ရှင်းပြခဲ့သည်။ ရှေ့နေ၏ အကူအညီဖြင့် "ညစ်ညမ်းသောအပြုအမူများ ပြုလုပ်မှုနှင့် သီချင်းများ ပုဒ်မ ၂၉၄၊ မိမိအလိုအလျောက် နာကျင်စေမှု အတွက် ပြစ်ဒဏ် ပုဒ်မ ၃၂၃၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီသူကိုယ်တိုင်ရှိနေခြင်း ပုဒ်မ ၁၁၄[၇]" တို့ဖြင့် သက်ဆိုင်ရာရဲဌာနမှ အမှုဖွင့်ပေးခဲ့သည်။





## ဤပြဿနာသည် မဥမ္မာအတွက် ကြီးမားတဲ့စိတ်ပိုင်းဆိုင်ရာနှင့် ငွေကြေးပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ ဖြစ်စေခဲ့သည်။

တရားသူကြီးမှ မိသားစုပြဿနာနှင့်ပတ်သက်ပြီး မဥမ္မာနှင့် တရားပြိုင်ဘက်ကို အာမခံပေးသည်။ သူမ တရားစွဲဆိုခံထားရသောအမှုကို တရားရင်ဆိုင်ရန်နှင့် အမှုကြားနာရန် နှစ်ပါတ်တစ်ခါ တရားရုံးသို့ အမြဲတမ်းသွားနေရသည်။ သူမ၏ အိမ်နီးနားချင်းမှ ကလေးကို ကြည့်ပေးရန် အချိန်မရှိသည့်အတွက် ကလေးများကို သူမနဲ့အတူ တရားရုံးသို့ ခေါ်သွားနေရသည်။ တရားကြားနာစဉ် ကလေးများ ငိုကြ သဖြင့် ကလေးများကို တရားရုံးသို့ ခေါ်လာခြင်းမပြုဘဲ အိမ်မှာထားခဲ့ရန် တိုက်တွန်းပြောဆိုခဲ့သော် လည်း သူမမှာ အခြားရွေးချယ်ရန် နည်းလမ်းမရှိခဲ့ပါ။ ထို့ပြင် သူမမှာ တရားရုံးတွင်သာ အချိန်ကုန်နေရ တဲ့အတွက် ပုဂ္ဂလိကငွေစုငွေချေးမှ နေ့တိုးဖြင့် ငွေချေးယူနေရသည့်အတွက် အမှုအမြန်ပြီးပြတ်ရန်သာ မျှော်လင့်ရှုန်းကန်နေခဲ့ရသည်။





## အမှုရင်ဆိုင်နေရသည့် (၅)လခန့်ကြာတွင် မဥမ္မာဟာ သူမရဲ့ရှေ့နေကို အမှုပိတ်ဖို့ ဆုံးဖြတ်ထား ကြောင်း အကြောင်းကြားခဲ့သည်။

သတင်းမှာ အတည်ပြု၍ မရသော်လည်း မဥမ္မာမှ အမှုကို မပိတ်လျှင် သူမ ယောကျ်ားမှ သူမကို သတ် မည်ဟု ခြိမ်းခြောက်ကြောင်းကို ယခုစာတမ်းပြုစုသောအဖွဲ့အား မဥမ္မာမှ ပြောပြသည်။[၈] ယင်းသို့ မခြိမ်း ခြောက်မီကလည်း သူမသာ အမှုကို ပိတ်မည်ဆိုလျှင် တရားပြိုင်ဘက်မှလည်း တရားစွဲဆိုထားသည်ကို ပိတ်ပေးမည်ဟု ကတိပေးနိုင်ကြောင်း သူမ၏ ယောင်းမ (ခင်ပွန်းဖြစ်သူ၏ အစ်မ)မှ လာညှိနှိုင်းခဲ့ဖူး ကြောင်းနှင့် နောက်ဆုံးတွင် နှစ်ဖက်စလုံးမှ တရားစွဲဆိုထားသည့်အမှုကို ရုပ်သိမ်းခဲ့ကြသည်။ ရက် သတ္တပတ်အနည်းငယ်အကြာတွင် မဥမ္မာနဲ့ သူမခင်ပွန်းတို့ အတူပြန်နေကြပုံပေါ်ကြောင်းကို ရပ်ကွက် အုပ်ချုပ်ရေးမှူးမှ သတင်းပေးပို့ခဲ့သည်။ ထွက်ပေါက်မရှိသည့်ဝင်္ကဘာကဲ့သို့ပင်။

[၈] ဤအကြောင်းအရာအား အခြားအရင်းအမြစ်များနှင့် သက်သေပြမနိုင်ပါ။

# တွေ့ရှိချက်များ၏ အနှစ်ချုပ်

- အုပ်စုဆွေးနွေးမှုများမှ အရေးကြီးသောတွေ့ရှိချက်များ အလားတူပင် မှုခင်းအကြောင်းအရာလေ့လာ ချက်များအရ အမျိုးသမီးအများစုမှာ အိမ်တွင်းအကြမ်းဖက်မှုများမှ လွတ်မြောက်လိုကြောင်း၊ မိမိနှင့် သားသမီးများ အိမ်တွင်းအနိုင်ကျင့်နှိပ်စက်မှု မခံရစေရန် ဥပဒေ၏ အကာအကွယ်အားဖြင့် အရေးယူစေ လိုကြောင်းနှင့် အိမ်ထောင်ဖက်များအား စိတ်ဓါတ်ပြုပြင်ပြောင်းလဲစေသောနည်းဖြင့် ကူညီဖေးမစေလို ကြောင်း ထင်ရှားစွာတွေ့ရှိရသည်။
- ဤနေရာတွင် အိမ်တွင်းအကြမ်းဖက်မှုများနှင့်ပတ်သက်၍ လူမှုရေးအမြင်များနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ရပ်ရွာလူထု၊ တာဝန်ရှိအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူ့ရဲဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ကူညီပေးခြင်း၊ ဖြေရှင်းပေးခြင်းများသည် ထိရောက်မှုအလွန်အားနည်းနေသည်ကို လေ့လာတွေ့ရှိရသည်။ အားကိုးရဖွယ်နည်းလမ်းနှင့် အခြေအနေများ နည်းပါးခြင်း၏ အခြားတစ်ဖက် တွင် အိမ်ထောင်စုတစ်ခု၏ သားသမီးပြုစုပျိုးထောင်ထိန်းသိမ်းမှု၊ အိမ်မှုကိစ္စနှင့် ဝင်ငွေရရှိရပ်တည်မှု၊ လူမှုရေးဂုဏ်သိက္ခာ လိုလားချက်များအရ အမျိုးသမီးနှင့်ကလေးများမှာ အနိုင်ကျင့်နှိပ်စက်ခံရမှုများ ဆက်လက်ရှိနိုင်သော်လည်း မိသားစုနဲ့ပြန်လည်ပေါင်းစည်း နေထိုင်ရန်သာ ရွေးချယ်ဆုံးဖြတ်ခဲ့ကြ ကြောင်း အများစု တွေ့ရှိရသည်။
- အပြန်အလှန်အားဖြင့် အိမ်တွင်းအကြမ်းဖက်မှုကို စနစ်တကျကိုင်တွယ်ဖြေရှင်းရန်အတွက် ထိရောက် သောယန္တရားများ ရှိမနေခြင်းသည် အိမ်တွင်းကိစ္စဟု လျစ်လျူရှုထားခြင်းမှ ပြင်းထန်သော ရာဇဝတ်ပြစ်မှုများထိ ဖြစ်ပေါ်လာစေရန် သွယ်ဝိုယ်အားပေးရာရောက်သည့်အပြင် ထွက်ပေါက်ပိတ်မိနေတတ်သည့် အိမ်တွင်းအကြမ်းဖက်ခံရသူများ၏ အကူအညီရယူရန် အားထုတ်ကြိုးပမ်းမှုများကို ချိနည့်အားလျော့စေခြင်း၊ စိတ်ဒဏ်ရာများဖြစ်ပေါ်ခြင်း၊ မလိုလားအပ်သည့် အကြမ်းဖက်တုန့်ပြန်မှုများ ဖြစ်ပေါ်လာစေခြင်း အားဖြင့် အကြမ်းဖက်မှုသံသရာစက်ဝန်းကို နောင်မျိုးဆက်များထိ လက်ဆင့်ကမ်းရာရောက်နေသည် ကို အလေးအနက် သတိပြုဖွယ် တွေ့ရှိရသည်။





# အိမ်တွင်းအကြမ်းဖက်မှု မှုခင်းများကို တရားမျှတမှုဆိုင်ရာကိစ္စဖြစ်သည်ဟု ဘာကြောင့် အသိအမှတ်မပြုကြလဲ။

- အမျိုးသားများရဲ့အပြုအမူများနှင့် အသိပညာဗဟုသုတနည်းပါးခြင်းကြောင့် အိမ်တွင်းအကြမ်းဖက် မှုကနေ ပြစ်မှုဖြစ်ခဲ့ရသည်။ ဤနေရာတွင် အမျိုးသားအများစုသည် သူတို့၏ မိသားစုတအိမ်လုံးကို လုပ်ကိုင်ကျွေးမွေးသူအဖြစ် ခံယူထားခြင်းကြောင့် သူတို့ရဲ့မိန်းမများကို ရိုက်နှက်ပိုင်ခွင့်ရှိကြောင်း၊ ရိုက်နှက်ခြင်းသည် အိမ်တွင်းရေးကိစ္စဖြစ်ကြောင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံယုံကြည် ထားခဲ့ကြသည်။
- အိမ်တွင်းအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းပေးရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေး မှူးများတွင် တိကျသော လုပ်ပိုင်ခွင့်များနှင့် ထိရောက်သော လုပ်ထုံးလုပ်နည်းများ မရှိပေ။
- ရိုက်နှက်မှုများ ထပ်ခါထပ်ခါမဖြစ်အောင် ရှောင်ကြဉ်ထိန်းသိမ်းရန်အတွက် ကတိပေးခိုင်းခြင်း၊ သဘောတူလက်မှတ်ထိုးခိုင်းခြင်းပုံစံမျိုးဖြင့် အချို့သော အုပ်ချုပ်ရေးမှူးများက ကိုင်တွယ်ဆောင်ရွက် ခြင်းအားဖြင့် ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှု၊ အရေးယူထိန်းသိမ်းမှုကို ကြားဝင်ခံထားသလိုဖြစ် နေလေ့ရှိသည်။
- အိမ်တွင်းအကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ပြင်းထန်သောမှုခင်းကိစ္စတချို့တွင် အရက်သေစာမူးယစ်မှုကြောင့် ဖြစ်ခဲ့ရကြောင်း ဒီလိုမှုခင်းကိစ္စကို တာဝန်ရှိရဲများမှ (၂၄) နာရီ ဖမ်းဆီးချုပ်နှောင်ခဲ့သော် လည်း နောက်ဆုံးမှာ ကာယကံရှင်ကိုယ်တိုင်က အမူအကျင့်ပြောင်းလဲမှု မဖြစ်ခဲ့ပါ။
- အိမ်တွင်းအကြမ်းဖက်မှုခံရသူအများစု၏ ဆန္ဒသည် အမူအကျင့်ပြောင်းလဲခြင်းမျိုးကို ဖြစ်စေလိုပြီး၊ ပြစ်ဒဏ်ပေးခြင်းကို မဖြစ်စေပါ။
- အိမ်တွင်းအကြမ်းဖက်မှုခံရသူအမျိုးသမီးများသည် ငွေရေးကြေးရေးအရ သူ့အမျိုးသားများအပေါ် မှီခိုရပြီး ကလေးမွေးဖွားပေးခြင်း၊ အိမ်ထောင်ကိစ္စများနှင့် မိသားစုပံ့ပိုးကူညီမှုနည်းပါးခြင်းကြောင့် အခက်အခဲကြုံတွေ့ခဲ့ရခြင်းနှင့် စော်ကားခံရမှုဘဝကနေ လွယ်လွယ်ကူကူ မလွတ်မြောက်နိုင်ပါ။
- အိမ်တွင်းအကြမ်းဖက်မှုခံရသူအများစုသည် ပတ်ဝန်းကျင်တွင် အရှက်ရမည်စိုးရိမ်ပြီး လင်မယား ကွာရှင်းခြင်းကို လက်မခံကြပေ။

- အိမ်တွင်းအကြမ်းဖက်မှုခံရသူများအနေဖြင့် ကွာရှင်းဖို့ ဆန္ဒရှိကြခြင်း၊ တစ်ဖက်သက်ကွာရှင်းလိုစိတ် ရှိကြသော်လည်း လက်တွေ့ဘဝနှင့် ငွေကြေးအခက်အခဲများကြောင့် ရှေ့နေရဖို့ အခက်အခဲများ ကြုံတွေ့ရခြင်း။
- ဤနေရာတွင် အိမ်တွင်းအကြမ်းဖက်မှုခံရသူများအတွက် လိုအပ်သည့်ဘဝလုံခြုံမှု၊ အတော်သင့်နေ ထိုင်မှု၊ စောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်မှု စသည်တို့ လုံလောက်ပြီး လက်လှမ်းမီသော လက်တွေ့ပံ့ပိုးမှုယန္တရားစနစ်များ အားနည်းနေခြင်း။
- ဤနေရာတွင် အိမ်တွင်းအကြမ်းဖက်မှုနှင်ပတ်သက်၍ အမျိုးသားများ အမူအကျင့်နှင့် စိတ်နေစိတ် ထားဆိုင်ရာပြောင်းလဲမှုအတွက် လုပ်ဆောင်ရန်၊ ဦးစားပေးရန် စီမံချက်များ အားနည်းနေခြင်း။
- အရက်သေစာမူးယစ်မှုများကြောင့် အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ခဲ့ကြသည်ဟု အများပြောကြသည်။
- အိမ်တွင်းအကြမ်းဖက်မှုခံရသူများနှင့် တရားမျှတမှုဆိုင်ရာ အကူအညီပေးသူများ အကြား ချိတ်ဆက် မှုတစ်ခုထားရှိခြင်းနှင့် အမျိုးသမီးများအတွက် အကူအညီပေး နိုင်ရန် ဥပဒေဆိုင်ရာအထောက်အကူ ပေးသည့်အဖွဲ့ကွန်ယက်ကနေတဆင့် လုပ်ဆောင်နေပါသည်။ သို့သော် ဥပဒေဆိုင်ရာအထောက် အကူပေးသူများနဲ့ လက်တွဲအကောင်အထည်ဖော်သည့်စီမံချက်များ အားနည်းနေခြင်း၊ သူတို့ရဲ့ အောင်မြင်မှုများသည် သက်ဆိုင်ရာမှုခင်းများထဲမှာ စိတ်ပါလက်ပါကူညီ လုပ်ဆောင်ပေးခဲ့ခြင်း၊ တချို့မှုခင်းတွေမှာလည်း သူတို့ ပါဝင်မှုရှိနေအတွက်ကြောင့် သူတို့ရဲ့ဘဝအန္တရာယ်နှင့် လုံခြုံမှု အခက်အခဲတွေလည်း ကြုံ တွေ့နေရသည်။

## တရားရုံးတွင် အိမ်တွင်းအကြမ်းဖက်မှု မှုခင်းများအား တရားစွဲဆိုမှု ဘာကြောင့် နည်းပါးလဲ။

- အိမ်တွင်းအကြမ်းဖက်မှုကိစ္စနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကရေးရာဖြစ်ခြင်း၊ အချိန်တန်ရင် အချင်းချင်းပြန်လည် အဆင်ပြေသွားနိုင်ခြင်း ဒါကြောင့် များသောအားဖြင့် အုပ်ချုပ်ရေးမှူးအများစုက သက်ဆိုင်ရာ တာဝန်ရှိရဲ များထံ လွှဲပေးကြသည်။
- တရားဥပဒေလမ်းကြောင်းအတိုင်း တရားစွဲလိုက်ရင် အချိန်ကြာခြင်း၊ ကုန်ကျစရိတ်များပြားခြင်း၊ စိတ် ကျေနပ်မှုမရရှိခြင်း၊ ထိရောက်မှုနည်းပါးခြင်း စသဖြင့် တာဝန်ရှိရဲအရာရှိများ အများစုက ကာယကံရှင်ကို ဆွေးနွေးအကြံပေးကြသည်။
- အိမ်တွင်းအကြမ်းဖက်မှုကိစ္စနှင့်ပတ်သက်၍ ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာ တိကျရှင်းလင်းသော လုပ်ထုံးလုပ်နည်းများ အားနည်းနေခြင်း။
- ရဲစခန်းများမှာ ဝန်ထမ်းလုံလောက်မှုအခက်အခဲရှိနေခြင်းကြောင့် အိမ်တွင်းအကြမ်းဖက်မှုကိစ္စများကို ဦးစားပေးဆောင်ရွက်ခြင်းမရှိကြပါ။
- အိမ်တွင်းအကြမ်းဖက်မှုခံရသူများအနေဖြင့် တနေ့ကျရင် သူတို့ရဲ့အမျိုးသားနဲ့အတူ ပြန်လည်ပေါင်း သင်းသွားမည်ဟု အများစုက ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ထားကြသည်။
- အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ တရားဥပဒေလမ်းကြောင်းအတိုင်း လုပ်ဆောင်သွားရန် ဥပဒေ ရေးရာဗဟုသုတနည်းပါးခြင်း၊ ချိတ်ဆက်လုပ်ဆောင်မှု(ကွန်ယက်ပုံစံ)အားနည်းခြင်း၊ ငွေရေးကြေးရေး အခက်အခဲများ ရှိနေခြင်းအပြင် ထိရောက်မှုရှိမည်ဟု ယုံကြည်မှုနည်းပါးခြင်း။
- အိမ်တွင်းအကြမ်းဖက်မှုကိစ္စသည် များသောအားဖြင့် တရားဥပဒေလမ်းကြောင်း မဟုတ်သည့် နည်းလမ်း ကို အားကိုးပြီး ဖြေရှင်းကြခြင်း များပြားသည်။ နှစ်သက်ကြသည်။
- အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ အမျိုးသမီးအများစု၏ ဆန္ဒသည် သူတို့ အမျိုးသားရဲ့အမူအကျင့် ပြောင်းလဲတိုးတက်မှုများကို မြင်စေခြင်း၊ တရားဥပဒေ လမ်းအကြောင်းအတိုင်း အရေးယူ၊ တရားစွဲ၊ အပြစ်ပေး၊ ထောင်ချ စသောလုပ်ဆောင်မှုများကို ဆန္ဒမရှိကြပါ။ အိမ်တွင်းအကြမ်းဖက်မှု မှုခင်းတချို့တွင် တရားရုံးမှာ တရားစွဲထားသော်လည်း နောက်ဆုံးမှာ အမှုရုပ်သိမ်းခြင်းများ ဖြစ်ကြောင်း အဓိက အကြောင်းရင်းကတော့ ထိရောက်မှု၊ မြန်ဆန်မှု၊ အချိန်ကြာမှု၊ ငွေရေးကြေးရေး၊ ခြိမ်းခြောက်မှု စသော အခက်အခဲနှင့် စိန်ခေါ်မှုများကြောင့် စွဲဆိုထားသည့်အမှုများကို ရုပ်သိမ်းကြခြင်း ဖြစ်သည်။
- (မှုခင်းအကြောင်းအရာလေ့လာခြင်း အမှတ် - ၃)
- အိမ်တွင်းအကြမ်းဖက်မှုကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် ဥပဒေပြဋ္ဌာန်းချက်များ အားနည်းနေဆဲဖြစ်ပါသည်။

# အကြံပြုချက်များ

အိမ်တွင်းအကြမ်းဖက်မှုခံရသူများအတွက် တရားမျှတမှုလက်လှမ်းမီရေး တိုးတက်လာစေရန်အလို့ငှာ ဥပဒေဆိုင် ရာလုပ်ထုံးလုပ်နည်းများ၊ လက်တွေ့ ကျင့်သုံးမှုနှင့် အမူအကျင့်ပြောင်းလဲမှုများ အဓိကကျကြောင်း လေ့လာတွေ့ရှိရသည်။





## လုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့ကျသည့် ဝန်ဆောင်မှုများ

၁။ လေ့လာတွေ့ရှိချက်များအရဆိုလျှင် အိမ်တွင်းအကြမ်းဖက်ခံရသည့် အမျိုးသမီးအများစုသည် ၎င်းတို့၏ အမျိုး သားများကို တရားဝင်တိုင်ကြားအပြစ်ကျခံရစေလိုကြောင်း မတွေ့ရပေ။ ထို့ကြောင့် အစိုးရဌာနဆိုင်ရာတာဝန်ရှိသူများနှင့် NGO အဖွဲ့များအနေဖြင့် အိမ်တွင်းအကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ဥပဒေလမ်းကြောင်းနှင့်အညီ ဖြေရှင်းနိုင်သည့်နည်းလမ်းအပြင် လူထုအသိပညာပေးခြင်းနည်းလမ်းပုံစံမျိုးဖြင့် မိသားစုအတွင်း ပြန်လည်သင့် မြတ်ရေး၊ ရင်ကြားစေ့ရေး၊ ဖျန်ဖြေရေး နောက်ထပ်ပြဿနာများ ထပ်မံမဖြစ်စေရန် ယခုလက်ရှိ ပြဿနာများကို ဖြေရှင်းနိုင်စေရန် ရည်ရွယ်ကြောင်း၊ အထူးသဖြင့် မိသားစုဝင်များကြား နှစ်သိမ့်ဆွေးနွေးပေးသည့်ဝန်ဆောင်မှုများ နှင့် စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေးသည့် ဝန်ဆောင်မှုများကို ဦးစားပေးအကူအညီပေးရန် စီမံကိန်းများ၊ လုပ်ငန်းစဉ် များ ပိုမိုအားကောင်းရန် လိုအပ်ကြောင်း။

၂။ ၎င်းအပြင် ပြည်ထောင်စုအစိုးရအနေဖြင့်လည်း အိမ်တွင်းအကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသော ရဲဝန်ထမ်းများအား လုပ်ပိုင်ခွင့်များနှင့် လုပ်နည်း လုပ်ဟန်များ ဖော်ဆောင်ပေးရန်လည်း အထူးလိုအပ်ကြောင်း၊ နည်းပညာသင်တန်းများ ပြုလုပ်ပေးရန် လိုအပ်လျှက်ရှိကြောင်း၊ ထိုမှသာလျှင် နစ်နာသူအမျိုးသမီးများ အနေဖြင့် အန္တရာယ်ရှိသော၊ နေပျော်ဖွယ်မရှိသော၊ ရိုက်နှက်ညှင်းပန်းသော ယောက်ကျားများထံသို့ ပြန်ပို့ခံရခြင်းကိစ္စများ လျော့နည်းသွားနိုင်မည် ဖြစ်ပါကြောင်း။

၃။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့်လည်း အခြားသော အစိုးရဝန်ကြီးဌာနများ၊ NGO အဖွဲ့များနှင့်ပူးပေါင်း၍ အလုံးစုံ ပါဝင်သော အထောက်အကူဖြစ်စေသည့် ယန္တရားစနစ်ကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနတွင် လက်ရှိ ရှိပြီးသား အထောက်အကူပေးနိုင်သည့်နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ပုံစံများကို ပိုမို အားဖြည့်ရန် လိုအပ်ပြီး လူတိုင်းလက်လှမ်းမှီရန်လည်း ဖော်ဆောင်သွားရန် လိုအပ်ကြောင်း၊ အလုံးစုံပါဝင်သော အထောက်အကူဖြစ်စေသည့် ယန္တရားစနစ်ဆိုရာတွင် စိတ်ဓာတ်ပိုင်းဆိုင်ရာမြှင့်တင်ပေးသည့် နှစ်သိမ့်ဆွေးနွေး ခြင်းလုပ်ငန်းစဉ်၊ ကျူးလွန်ခံရသူအမျိုးသမီးများအတွက် ခေတ္တနားခိုရာနေရာ၊ ခလေးများကိုပါ

ပြုစုစောင့်ရှောက် ပေးနိုင်သည့် ဝန်ဆောင်မှု၊ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ရန်အတွက် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်သင်တန်းများ ပို့ချခြင်းတို့ ထားရှိရန် လိုအပ်နေကြောင်း၊

၄။ အစိုးရအနေဖြင့် စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေးနိုင်သည့် ကျွမ်းကျင်သူများ မွေးထုတ်ပေးရန် လိုအပ်ကြောင်း၊ ခေတ္တနားခိုအဆောင်များမှာ ကျူးလွန်ခံရသူများ တိုင်းအတွက် နားခိုနိုင်စေရန် လက်လှမ်းမှီအောင် စီစဉ်ထားပေးခြင်း နှင့် ထိုနစ်နာသူအမျိုးသမီးများအတွက် လုံခြုံစိတ်ချနိုင်သည့်ဝန်ဆောင်မှုများ ပေးနိုင်ခြင်းကိုလည်း ဖန်တီးပေးရန် အထူးလိုအပ်နေပါကြောင်း။

၅။ အိမ်တွင်းအကြမ်းဖက်မှုကို ရပ်ရွာဓလေ့အရ ထိထိရောက်ရောက် ဖြေရှင်း ပေးနိုင်ရန် အစိုးရမှ ဖော်ဆောင်နိုင်ရန် အတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှ အဖွဲ့အစည်းများနှင့် ဒေသတွင်းရှိ လူမှုရေးအဖွဲ့အစည်းများမှလည်း အထောက်အကူပေးရန် လိုအပ်လျှက်ရှိကြောင်း၊ ဥပမာအားဖြင့် ဥပဒေဆိုင်ရာ အထောက်အကူပြုကွန်ယက်၊ နစ်နာသူအမျိုးသမီးများမှ အလွယ်တကူ အကူအညီများ တောင်းခံနိုင်ခြင်းနှင့် သတင်းပို့တိုင်ကြားနိုင်ခြင်းအမျိုး သမီးအဖွဲ့များ၊ (ဥပဒေရေးရာဗဟုသုတပိုင်းဆိုင်ရာသင်တန်းများ၊ ၎င်းတို့ကို ပံ့ပိုးပေးသည့် အကူအညီပေးနိုင်သည့် ပုံစံများပါဝင်ရန် လိုအပ်ကြောင်း။)

## အမြင်သဘောထားများနှင့် အမူအကျင့်များ

၁။ အိမ်တွင်းအကြမ်းဖက်မှုကို ပြစ်မှုတစ်ရပ်ကဲ့သို့ နားလည်သဘောပေါက်လာစေရန် ဒေသတွင်းရှိ အဖွဲ့ အစည်းများ (အထူးသဖြင့် အမျိုးသမီးအဖွဲ့အစည်းများ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ၊ စာသင်ကျောင်းများ၊ ဘာသာရေး ခေါင်းဆောင်များ ... စသဖြင့်) ၎င်းမှတဆင့် ရပ်ကွက်/ကျေးရွာပြည်သူများ (အထူးသဖြင့် အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးလူငယ်များ ... စသဖြင့်) နှင့် တရားမျှတမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသူများ (အထူးသဖြင့် တာဝန်ရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ) ၎င်းတို့အချင်းချင်ကြား အမြင်သဘောထားများ ပိုမိုရရှိလာအောင် ဒေသခံပြည်သူများအတွက် နယ် အသီးသီးရဲ့ကြိုးပမ်းအားထုတ်မှုများအပေါ် ကူညီပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ ထိုအပြင်နိုင်ငံတော် အစိုးရ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများလည်း ဝိုင်းဝန်းပံ့ပိုးကူညီပေး သွားရန် အထူးလိုအပ် နေပါကြောင်း။





၂။ အိမ်တွင်းအကြမ်းဖက်မှုကို ပြန်လည်ကုစားသည့်လုပ်ငန်းစဉ်များတွင် ၎င်းတို့ အမြင်သဘောထားဆိုင်ရာ နှင့် အမူအကျင့်ဆိုင်ရာပြောင်းလဲတိုးတက်မှုဖြစ်အောင် ယင်းနှင့်ပတ်သက်၍ အမျိုးသားများနဲ့အတူ လက်တွဲလုပ်ဆောင်ရန်၊ ဆွေးနွေးရန်၊ ဗဟုသုတပေးရန် လိုအပ်ကြောင်း။

၃။ အရက်သေစာနှင့် မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာသည့် မတရား အနိုင်ကျင့်မှုများကို ကုစားဖြေရှင်း နိုင်ရန် စီမံချက်တခု အမြန်ရေးဆွဲဆောင် ရွက်ရန် လိုအပ်လျှက်ရှိကြောင်း။ (ဥပမာ တာဝန်ရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရဲများမှ တရားမဝင် အရက်ထုတ်လုပ်မှုများနှင့် ရောင်းဝယ် ဖောက်ကား မှုများကို ထိရောက်စွာ အရေးယူသွားရန် လိုအပ်ကြောင်း)

၄။ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းတို့မှ အိမ်တွင်း အကြမ်းဖက်မှုနှင့် ၎င်း၏ ဆိုးကျိုးသက်ရောက်မှုများကို သုတေသန ပြုသွားလုပ်ရန် လိုအပ်ကြောင်း၊ ထိုသို့ သုတေသနပြု လုပ်ရာတွင် အရည်အသွေး အပေါ်အခြေပြုသည့် သုတေသနနည်းစနစ် Qualitative Research၊ အရေ အတွက်အပေါ်အခြေပြုသည့် သုတေသနနည်းစနစ် Quantitative Research၊ ဥပဒေရေးရာ အပြန်အလှန် ဆွေးနွေးသုံးသပ်မှုများ အသုံးပြု၍ ပြုလုပ်သင့်ကြောင်း၊ ထို့နောက် တွေ့ရှိချက်များအား ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ဖြန့်ဝေသင့်ကြောင်း၊ သို့မှသာလျှင် ဥပဒေရေးဆွဲပြဋ္ဌာန်းသူများ၊ တာဝန်ရှိ ရပ် ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိရဲများနှင့် ရပ်ရွာပြည်သူတစ်ရပ်လုံး၏အတွေးအမြင် များကိုပါ ပြောင်းလဲလာလိမ့်မည် ဖြစ်ကြောင်း။

MyJustice

yHkuhDnft zUpnf

European Union

taumift xnfzaqmif bnft zUpnf

BRITISH COUNCIL

## ကြေငြာချက်

ယခုစာတမ်းတွင် ပါဝင်သော အချက်အလက် အမြင်များသည် ရေးသားပြုစုသူ၏ အမြင်များသာဖြစ်သည်။ ဥရောပသမဂ္ဂ၊ ဗြိတိသျှကောင်စီနှင့် MyJustice စီမံကိန်းတို့၏ ထင်မြင်ယူဆချက်များ လုံးဝမဟုတ်ပါ။